# ကားတိုင်၏ နက်နဲခြင်း - (၂)

THE MYSTERY OF THE CROSS – PART (2)

ပြီးခဲ့သည့် သင်ခန်းစာတွင် ကားတိုင်၏ နက်နဲခြင်း နှင့် (ယော ၁၂း၃၂) မှ သခင်ယေရှု၏ နှုတ်ထွက်စကားဖြစ်သော လူအပေါင်းကို ငါ့ထံသို့ ငါဆွဲမည် ဆိုသည့်အဓိပ္ပါယ်မှာ ကားတိုင်ပေါ်၌ သူလာပေးမည့် တူညီသော ရွေးနှုတ်ခြင်းအဖိုးအခကို ရည်ညွှန်းကြောင်း **(မာ ၁၀း ၄၅)** တွင် သခင်ယေရှုကိုယ်တိုင်ပြောခဲ့သည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။

**"မိမိအသက်ကိုစွန့်၍ လူများကို ရွေးခြင်းငါ့ရင်း ကြွလာသတည်းဟု မိန့်တော်မူ၏။"**

ဤလူများဆိုသည်မှာ လူအပေါင်းကို ရည်ညွှန်းကြောင်းကို **(၁တိ ၂း ၅၊ ၆)** တွင်လဲ ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။

**"ဘုရားသခင်တဆူတည်းရှိတော်မူ၏ ဘုရားသခင်နှင့် လူတို့စပ်ကြားမှာ လူဖြစ်သော ယေရှုခရစ်တည်းဟူသော အာမခံတဦးတည်းရှိ၏ ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ်စွန့်တော်မူပြီး။"**

ဤတူညီသော ရွေးနှုတ်ခြင်း အဖိုးအခသည် လူအပေါင်းအား သေခြင်းကို အမွေခံစေခဲ့သော တစ်ယောက်သောသူ အာဒံအတွက်ဖြစ်ပါသည်။ **(၁ကော ၁၅း ၂၁၊ ၂၂)** တွင် ကျွန်ုပ်တို့ ရှင်းလင်းစွာ တွေ့ရပါသည်။

**"လူအားဖြင့် သေခြင်းတရားသည်တည်သကဲ့သို့ သေသောသူ၏
ထမြောက်ခြင်းတရားသည် လူအားဖြင့် တည် လျက်ရှိ၏"**

**"လူအပေါင်းတို့သည် အာဒံအားဖြင့် သေခြင်းသို့ရောက်သည့်နည်းတူ
လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက်ရကြလတံ့"**

တစ်ယောက်သောသူ အာဒံအားဖြင့် လူအပေါင်းသည် သေခြင်းသို့ရောက်ရှိခဲ့ပြီး ဒုတိယအာဒံ၊ ဒုတိယဖြောင့်မတ်သူ အသေခံခြင်းအားဖြင့် လူအပေါင်းတို့သည် သေခြင်းမှ အသက်ရှင်ရသောအခွင့်ကို ပြန်လည်ရရှိကြမည်ဖြစ်ပါသည်။ ဤအရာကို တစ်ယောက်အတွက် တူညီသော တစ်ယောက် (သို့) အသက်အတွက်အသက်၏ အခြေခံသဘောတရားဟုခေါ်ပါသည်။ မည်ကဲ့သို့ ဤသဘောတရားသည် လုပ်ဆောင်ကြောင်းကို ကျွန်ုပ်တို့ **(ဟေဗြဲ ၇း၉ -၁၀)** တွင် တွေ့ရမည် ဖြစ်ပါသည်။

**"ထိုမှတပါး ဆယ်ဖို့တဖို့ကို ခံတတ်သော လေဝိသည် အာဗြဟံအားဖြင့် ဆယ်ဖို့တဖို့ကို
ပေးပြီဟု ဆိုစရာအခွင့်ရှိ ၏ အကြောင်းမူကား မေလခိဇေဒက်သည် အာဗြဟံကို
တွေ့သောအခါ လေဝိသည် မိမိအဘ၏ ကိုယ်၌ ရှိသတည်း"**

ဤအရာသည် မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။ လေဝိသည် အာဗြဟံ၏ သား ဣဇက်၊ ဣဇက်၏ သား

ယာကုပ်မှ မွေးဖွားလာသော သား(၁၂) ယောက်ထဲမှ တစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် လေဝိသည် အာဗြဟံ၏ မြေးဖြစ်ပါသည်။ လေဝိနှင့်ပတ်သက်သော အရေးကြီးသည့်အရာအချို့ရှိခဲ့ပါသည်။ သူသည် လေဝိအမျိုးအနွယ်၏ ဖခင်ဖြစ်ပါသည်။ လေဝိအမျိုးအနွယ်များသည် နယ်မြေခွဲဝေမှုမရရှိဘဲ တဲတော်၌ ဘုရားသခင်၏ အမှုတော်ထမ်းဆောင်ရန် ရွေးချယ်ခြင်းခံရသောသူများဖြစ်ကြပါသည်။ ထို့ကြောင့် ကျန်(၁၁)မျိုးမှ ဆယ်ဖို့တဖို့ ကိုလက်ခံရရှိခဲ့ပြီး သူတို့ကိုယ်တိုင် ဘယ်သောအခါမျှ ဆယ်ဖို့တဖို့ ကိုမပေးခဲ့ပါ။ သို့သော် ဤနေရာ၌ ရှင်ပေါလုပြောသည်မှာ အာဗြဟံသည် မေလခိဇေဒက်အား ဆယ်ဖို့တဖို့ ပေးသောအခါ အာဗြဟံ၏ ကိုယ်ထဲ၌ ရှိသော မမွေးဖွားသေးသည့် လေဝိသည်လည်း ဆယ်ဖို့တဖို့ ကိုပေးပြီဟု ပြောဆိုနေခြင်း ဖြစ်ပါသည်။ ဤအရာမှာ တစ်ယောက်အတွက် တူညီသောတစ်ယောက် သဘောတရားပင်ဖြစ်ပါသည်။ ထိုနည်းတူ ဒေင်ဥယျာဉ်၌ အာဒံ နှင့် ဧဝ အပြစ်ကျူးလွန်သောအခါ အာဒံ၏ ကိုယ်ထဲ၌ ရှိပြီး မမွေးဖွားသေးသောသူများသည်လည်း အပြစ်ရှိသော သူများအဖြစ် ရေတွက်ဝင်ကာ သေခြင်းသို့ ရောက်ရကြ၏။ သို့သော် အာဒံအတွက် တူညီသော ရွေးနှုတ်ခြင်းအဖိုးအခကို ပေးခြင်းအားဖြင့် အာဒံနှင့် လူအပေါင်းအပေါ် ရောက်ရှိလာသော သေခြင်းမှ အာဒံနှင့်အတူ လူအပေါင်းတို့သည် ယခုလွတ်မြောက်နေပြီဖြစ်ပါသည်။ ဤအရာသည် လူအပေါင်းအတွက် ဘုရားသခင်၏ အစီအစဉ်၊ စီမံချက်ဖြစ်ကြောင်းကို **(ရော ၈း ၂၀၊ ၂၁)** တွင် တွေ့နိုင်ပါသည်။

**"ဤလောကသည် အနိစ္စနိုင်ငံသို့ အလိုလိုလိုက်သည်မဟုတ် ဘုရားသခင်သားတို့၏ ထူးမြတ်သော လွတ်ခြင်းချမ်းသာတည်းဟူသော ဖောက်ပြန်ပျက်စီးခြင်း အနှောင်အဖွဲ့မှ ကယ်လွှတ်ခြင်း ချမ်းသာကို ဝင်စားမည်ဟု မျှော်လင့်ရသော အခွင့်ကိုပေး၍ အနိစ္စနိုင်ငံသို့ လိုက်စေတော်မူသော သူ၏အလိုကြောင့် သာလိုက်ရ၏။"**

ဤကျမ်းညွှန်း၏ အဓိပ္ပါယ်မှာ ဘာကို ဆိုလိုပါသနည်း။ ၎င်း၏ရေးသားပုံအသုံးအနှုန်းမှာ ရင်းနှီးကျွမ်းဝင်မှု မရှိသယောင်ထင်ရပါသည်။ နားလည်ရန် ကြိုးစားပြီး ထပ်မံဖတ်ကြည့်စေချင်ပါသည်။

ဤနေရာ၌ လောက ဆိုသည့် စကားလုံးမှာ လူသားမျိုးနွယ်ကို ရည်ညွှန်းပါသည်။ သူတို့သည် အနိစ္စနိုင်ငံသို့ အလိုလိုလိုက်သည်မဟုတ် (သို့) အခြားစကားလုံးအားဖြင့်ဆိုသော် အပြစ်နှင့်သေခြင်းကို အမွေလက်ခံရရှိခဲ့ကြောင်းကို ရည်ညွှန်းပါသည်။ အလိုလိုလိုက်သည်မဟုတ် ဆိုသည်မှာ လူသားတစ်ဦးချင်းစီသည် ကိုယ့်အလိုဆန္ဒဖြင့် ဘာမျှ ရွေးချယ်မှုမရှိဘဲ ဤအရာများကို လက်ခံရရှိခဲ့ခြင်းကို ရည်ညွှန်းပါသည်။ ဤကဲ့သို့ အပြစ်နှင့်သေခြင်းသည် သူ၏အလိုကြောင့် (သို့) ဘုရားသခင်၏အလိုကြောင့်သာ လိုက်ရပြီး ထိုအထဲမှာ ကယ်လွှတ်ခြင်း ချမ်းသာဝင်စားမည့် မျှော်လင့်ရသော အခွင့်ကို ပြင်ဆင်ထားသည့် ဘုရားသခင်နှင့် ဆိုင်သော အကြံအစည်ကို ရည်ညွှန်းပါသည်။ အာဒံ၌ လူအပေါင်းသေရသည့် အချိန်ကာလကို ရည်ညွှန်းခြင်းလဲ ဖြစ်ပါသည်။

ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် ဘုရားသခင်အတွက် ဖြောင့်မတ်စွာ စီရင်ခြင်းဖြစ်ပါသလားလို့ တစ်စုံတစ်ယောက်သောသူသည် မေးနိုင်ပါသည်။ အမှန်တကယ် ဤအရာများ ပုံမှန်ဖြစ်ပျက်လျက်ရှိပါသည်။ မိဘများသည် သူတို့၏ သားသမီးများ မမွေးဖွားခင်ကပင် ကလေးသူငယ်များ၏ ရွေးချယ်မှုကို မမေးဘဲ သူတို့အတွက် ကျောင်း၊ ကြီးပြင်းပုံ၊ ဘာသာရေး၊ သင်တန်းများအတွက် အစီအစဉ်များကို ပြုလုပ်ထားပါသည်။ မိဘများသည် ထိုအရာအားလုံးကို ကောင်းသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ကြခြင်းဖြစ်ပါသည်။ ထို့အတူ ဖန်ဆင်းခြင်းအားလုံး၏ ဖခင်ဖြစ်သော ဘုရားသခင်၌လည်း ဤအတိုင်းဖြစ်ပါသည်။

**"ကောင်းကင်ပေါ် မြေကြီးပေါ်မှာရှိသော တအိမ်ထောင်လုံးတည်းဟူသော၊ သားတော်အပေါင်းတို့၏ အချုပ်အခြာ ဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာ ငါသည်ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။" ဖေက် ၃း ၁၄ -၁၅**

ဟုတ်ပါသည်။ ဘုရားသခင်၌လည်း သူ၏ လူသားများအတွက် အံ့ဩဘွယ်ရာ အစီအစဥ်တစ်ခု ရှိပါသည်။ **(ရော ၈း ၂၁)** ကို ဆက်လက်ဖတ်ရှုခြင်းအားဖြင့် အံ့ဩဘွယ်ရာ စီမံကိန်းကို ကျွန်ုပ်တို့ တွေ့ရမည်ဖြစ်ပါသည်။

## ဘုရားသခင်သားတို့၏ ထူးမြတ်သော လွတ်ခြင်းချမ်းသာတည်းဟူသော ဖောက်ပြန်ပျက်စီးခြင်း အနှောင်အဖွဲ့မှ ကယ်လွတ်ခြင်းချမ်းသာကို ဝင်စားမည်

ဤအစီအစဥ်မှာ ကယ်လွတ်ခြင်းချမ်းသာသည် ကားတိုင်ပေါ် တူညီသော ရွေးနှုတ်ခြင်းအဖိုးအခ အတွက် အသေခံခြင်းအားဖြင့် ဖြစ်စေပါသည်။ ဘုရားသခင်သားတို့၏ ထူးမြတ်သော လွတ်ခြင်းချမ်းသာဆိုသည်မှာ ဘုရားသခင်သည် လူအပေါင်းအား အပြစ်နှင့်သေခြင်းမှ ပြန်လည်ယူဆောင်မည့် ကယ်တင်ခြင်းဖြစ်ပါသည်။ မည်ကဲ့သို့ လုပ်ဆောင်ပေးမည်နည်း။ အဖြေကို (၁တိ ၂း ၄) တွင် တွေ့ရပါသည်။

**"လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်၍ သမ္မာတရားကို သိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ၏။"**

ဤအရာမှာ လူအပေါင်းအတွက် ဘုရားသခင်၏အလိုတော်ဖြစ်ပါသည်။ ၎င်းမှာ ဘာကိုဆိုလိုပါသနည်း။ များသောအားဖြင့် ကယ်တင်ခြင်းသို့ ရောက်ရန် ဆိုသည့်စကားလုံးကို ကောင်းကင်ဘုံသို့ ခေါ်ဆောင်ရန်ဟု အဓိပ္ပါယ်ယူကြပါသည်။ အကယ်၍ ဤနေရာ၌ ထိုအဓိပ္ပါယ်သက်ရောက်မည်ဆိုလျှင် ဘုရားသခင်သည် ယခုလက်ရှိလူသားများ၏ အကျင့်စရိုက် အခြေအနေအတိုင်း ကောင်းကင်ဘုံသို့ ခေါ်ဆောင်မည်ဆိုလျှင် ရယ်စရာတစ်ခုသာ ဖြစ်နေမည်ဖြစ်ပါသည်။ အခြားအဓိပ္ပါယ်တစ်ခုခု ရှိရမည်ဖြစ်ပါသည်။

ထို့ပြင် ကယ်တင်ခြင်းနှင့်ပတ်သက်၍ သမ္မာတရားကို အရင်ဦးစွာသိရပြီး ထို့နောက် ကယ်တင်ခြင်းသို့ ရောက်ကြောင်းကို ယေဘူယျအားဖြင့် နားလည်ကြပါသည်။ သို့သော် ဤနေရာ၌ အဘယ်ကြောင့်ပြောင်းပြန်ဖြစ်နေရပါသနည်း။ ဘုရားသခင်၏ အလိုတော်သည် ပထမဦးစွာ လူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်၍ ဆိုသည်မှာ မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။ ဤအရာသည် ယခုလူအပေါင်း၏ သီးသန့်အခြေအနေကို ရည်ညွှန်းပါသည်။ ထိုအရာမှာ သေခြင်းတရား၏ စီရင်ခြင်းအောက်တွင် ရှိနေသည့် အခြေအနေဖြစ်ပါသည်။ ဤအခြေအနေမှ တူညီသော ရွေးနှုတ်ခြင်းအဖိုးအခအားဖြင့် လူအပေါင်းတို့သည် အသက်ပြန်ရှင်ကြရမည်ကို ဆိုလိုပါသည်။ **(တ ၂၄း ၁၅)**

## ဖြောင့်မတ်သောသူ မဖြောင့်မတ်သောသူ ရှိသမျှတို့သည် သေခြင်းမှ ထမြောက်ကြလိမ့်မည်။

ဟုတ်ပါသည်။ ဤအရာမှာ သေနေသောလူအပေါင်း ရှင်ပြန်ထမြောက်ခြင်း၏ အလွန်အရေးပါသော သမ္မာတရားဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်း၏ အဓိပ္ပါယ်မှာ မည်သို့နည်း။ ထိုအရာသည် အခြားဘာသာ

တရားများအတွက် လုံးဝမသိသော သမ္မာကျမ်းစာမှ သွန်သင်သော ဩဝါဒတစ်ခုဖြစ်ပါသည်။ အခြားဘာသာဝင်များသည် သေလွန်ပြီးနောက် ပြန်လည်မွေးဖွားခြင်းအားဖြင့် အသက်ရှင်ဖို့ အခွင့်အရေးရှိသည်ဟု ဟိန္ဒူ နှင့်ဗုဒ္ဓဘာသာမှ ပြောဆိုကြပါသည်။ မွတ်စလင်နှင့် ခရစ်ယာန်များသည်လည်း သေလွန်ပြီးနောက် ပရဒိသုဘုံ၌ နံဝိညာဉ် အခြေအနေဖြင့် အသက်ရှင်နေကြောင်း ယုံကြည်ကြပါသည်။ သို့သော် သမ္မာကျမ်းစာထဲမှ ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သော သွန်သင်ချက်နှင့် အလွန်ကွာခြားလှပါသည်။

ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ ကြီးမြတ်တော်မူသော ဘုရားသခင်၏ အနန္တတန်ခိုးတော်အားဖြင့် တည်ရှိခြင်းမှ ပျောက်ကွယ်သွားသော သေလွန်သွားသူတို့အား အသက်ရှင်သော အခြေအနေသို့ ပြန်လည်ပေးမည့် မည်သို့ လုပ်ဆောင်မည့်အရာဖြစ်ပါသည်။

ဘုရားသခင်၏ တန်ခိုးတော်သည် သေလွန်ခဲ့သည့်အချိန်က အတိုင်း ပြည့်စုံသော ခန္ဓာနှင့် စိတ်အတိုင်း ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။ ၎င်းမှာ မယုံကြည်နိုင်စရာ နိမိတ်လက္ခဏာတစ်ခုဖြစ်ပါသည် အသက်ကြီးသော သေလွန်သူများသည် သူတို့သေခဲ့သည့် အသက်အရွယ်နှင့်တကွ ပြန်လည်ထမြောက်ကြမည်ဖြစ်ပြီး လူငယ်များလည်း နဂိုအခြေအနေနှင့်တကွ ပြန်လည်ထမြောက်ကြမည်ဖြစ်ပါသည်။ ကလေးငယ်များနှင့် နို့စို့ သူငယ်များပင်လျှင် သူတို့သေလွန်ခဲ့သော အခြေအနေအတိုင်း တိကျစွာ ပြန်လည်ထမြောက်ကြမည်ဖြစ်ပါသည်။

ရှင်ပြန်ထမြောက်ခြင်းစကားလုံးသည် ဂရိစကား Anastasis မှလာပြီး အဓိပ္ပါယ်မှာ အသက်ရှင်ရာသို့ ပြန်လည်ထမြောက်ခြင်း (သို့) ပြန်လည်ရပ်တည်လာခြင်းဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်သောအနစ်အရသာမှာ ကြီးမားသော နိမိတ်လက္ခဏာဖြင့် သေခြင်းမှ နိုးထလာခြင်းကိုသာ ရည်ညွှန်းသည်မဟုတ်ပဲ အာဒံ ၌ ဆုံးရှုံးခဲ့သည့် စုံလင်ဖြောင့်မတ်သော အခြေအနေသို့ ပြန်လည်ပေးအပ်ခြင်းကို ရည်ညွှန်းပါသည်။

သခင်ယေရှုကိုယ်တော်တိုင် သေလွန်သောသူများအားလုံး ထမြောက်မည့်အကြောင်း ရှင်းလင်းစွာ သွန်းသင်ခဲ့ပါသည်။

**"ဤအမှုအရာကို အံ့ဩခြင်းမရှိကြနှင့် သင်္ချိုင်းမှာ ရှိသောသူ အပေါင်းတို့သည် သားတော်၏ စကားသံကို ကြား၍ ထွက်ရသော အချိန်ကာလ ရောက်လတံ့။" ယော ၅း ၂၈**

ဤအရာအားလုံးအတွက် အလွန်မယုံကြည်နိုင်စရာ အလွန်အံ့ဩဘွယ်ရာကောင်းသော သမ္မာတရားပင်ဖြစ်ပါသည်။ ထို့ပြင် သေလွန်သောသူများ နိုးထမည့် အလွန်အရေးပါသော နေ့ရက်ကို ပြောနေခြင်းလဲဖြစ်ပါသည်။ ဒီကနေ့ အချိန်ကာလသည် အာဒံ၌ လူအပေါင်း သေရသောနေ့ရက်ကဲ့သို့ဖြစ်ပြီး ခရစ်တော်၌လူအပေါင်း ပြန်လည်အသက်ရှင်သောအခါ ဤအချိန်ကာလသည် အဆုံးသတ်သွားမည်ဖြစ်ပါသည်။ ထိုရှင်ပြန်ထမြောက်ခြင်းသည် ဓမ္မသစ်ကျမ်း၌သာ သွန်သင်ထားသည့် ဩဝါဒတစ်ခု မဟုတ်ပါ။ ဓမ္မဟောင်းကျမ်းမှာလည်း သွန်သင်ထားပါသည်။

**"ကိုယ်တော်၏ လူသေတို့သည် အသက်ရှင်ကြလိမ့်မည် ငါ၏ အသေကောင်တို့သည်လည်း ထမြောက်ကြပါလိမ့် မည်။" ဟေရှာ ၂၆း ၁၉**

**"ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော်သောသူများ နိုးကြလိမ့်မည်။" ဒံ ၁၂း ၂**

ဟု ပိုမိုရှင်းလင်းစွာတွေ့ရပါသည်။ ထို့ကြောင့် ဘုရားသခင်သည် သေလွန်သောသူများအားလုံးကို ရှင်ပြန်ထမြောက်ခြင်းအားဖြင့် သေခြင်းမှ ကယ်တင်ခြင်းသို့ ရောက်ရန် အလိုရှိရခြင်းဖြစ်ပါသည်။ လူအပေါင်း ကယ်တင်ခြင်းသို့ ရောက်၍ ဆိုသည်မှာ တူညီသော ရွေးနုတ်ခြင်းအဖိုးအခအားဖြင့် အာဒံ၌ သေလွန်သော သူများသည် အသက်ရှင်သို့ ပြန်လည်ရောက်ရှိမည်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ထို့နောက် ဘုရားသခင်၏ အလိုတော် ဒုတိယအဆင့်ကို **(၁တိ ၂း ၄)** တွင် ဆက်လက်လေ့လာသွားမည်ဖြစ်ပါသည်။

**"သမ္မာတရားကို သိစေခြင်းငှါ"**

ဤအရာသည် ဘုရားသခင်၏ ကယ်တင်ခြင်းဖြစ်စဉ်မှ ဒုတိယခြေလှမ်းဖြစ်ပါသည်။ အပြစ်၌ သေလွန်ခဲ့သော လူအပေါင်းသည် နဂိုအခြေအနေအတိုင်း ပြန်လည်နိုးထလာမည်။ အသက်ရှင်လာကြမည်ဖြစ်ပါသည်။ သူတို့သည် အပြစ်မှ လွတ်မြောက်ကြရမည်ဖြစ်ပါသည်။ ထိုအရာမှာ မည်ကဲ့သို့ ဖြစ်နိုင်ပါမည်နည်း။ အဖြေကို **(ယော ၁၇း ၁၇)** တွင် တွေ့ရပါသည်။

**"ကိုယ်တော်၏ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် သမ္မာ တရားဖြစ်ပါ၏။"**

ဟုတ်ပါသည်။ အပြစ်နှင့်ပြည့်ဝသော အခြေအနေနှင့် အကျင့်စရိုက်များမှ စင်ကြယ်သန့်ရှင်းစေရန် သမ္မာတရားအားဖြင့် လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဘုရားသခင် နှုတ်ကပတ်တော်၏ အသိပညာ သမ္မာတရားများကို နာခံခြင်းအားဖြင့် အပြစ်၏လမ်းများမှ စင်ကြယ်သန့်ရှင်းခြင်းကို ဖြစ်စေပါသည်။ ဥပမာ - မကောင်းသော စကား၊ တကိုယ်ကောင်းဆန်ခြင်း၊ လိမ်ညာခြင်း ….. စသဖြင့် သေလွန်သောသူများသည် ထိုအရာများနှင့် ထမြောက်လာကြမည်ဖြစ်သည်။

ထို့ကြောင့် သမ္မာတရားသည် ဤကမ္ဘာလောကကြီးကို ဖုံးလွှမ်းနေရမည်ဖြစ်ပါသည်။ သို့မှသာ သမ္မာတရားအားဖြင့် လူအပေါင်းသည် အပြစ်၏လမ်းများမှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။ မည်ကဲ့သို့ပြည့်စုံလာမည်နည်း။ **ဟဗ ၂း ၁၄** ၌ ဖတ်ရသည့်အတိုင်း ဖြစ်လာလိမ့်မည်ဖြစ်ပါသည်။

**"အကြောင်းမူကား ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့ မြေကြီးသည် ထာဝရဘုရား၏ ဘုန်းတော်ကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။"**

ကမ္ဘာမြေကြီးသည် ဘုရားသခင်၏ ပညာ (သို့) သမ္မာကျမ်းစာနှင့် ပြည့်စေမည်ဖြစ်ပါသည်။ ဆက်လက်ပြီး **(ဟေရှာ ၁၁း ၉)** တွင်လည်း ထပ်မံအတည်ပြုထားပါသည်။

**"ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့ မြေကြီးသည် ထာဝရဘုရားကို သိကျွမ်းခြင်း**

**ပညာနှင့် ပြည့်စုံလိမ့်မည်။"**

မည်ကဲ့သို့ဖြစ်လာမည်နည်းဟု သင့်အနေဖြင့် မေးခဲ့သော် ဤအရာသည် ကျွန်ုပ်တို့ မျက်စိရှေ့မှောက်တွင် ပြည့်စုံလျက်ရှိနေပြီဖြစ်ပါသည်။ သင်မြင်ပါသလား။ ဒီကနေ့ သတင်းအချက်အလက်များနှင့် အသိပညာများကို ရေဒီယို၊ တီဗွီ၊ အင်တာနက်၊ ဗီစီဒီ၊ ဒီဗီဒီ၊ စီဒီ စသည်များဖြင့် အိမ်တိုင်းအိမ်တိုင်းသို့ လျင်မြန်စွာ လက်ဆင့်ကမ်းသယ်ယူပို့ဆောင်ပေးလျက်ရှိပါသည်။ စာအုပ်များကိုလည်း ရုပ်သံအဖြစ်ပြောင်းလဲ တင်ဆက်နေကြပြီဖြစ်ပါသည်။ ဤနည်းပညာများသည် လွန်ခဲ့သော နှစ် (၇၀) - (၈၀) ကတည်းက ဖြစ်ပေါ်ခဲ့တာဖြစ်ပြီ ယခု ကျွန်ုပ်တို့အချိန်ကာလသည် ထိုကောင်းကြီးမင်္ဂလာအချိန်နှင့် မည်မျှနီးကပ်လျှက်ရှိကြောင်းကို ဖော်ပြလျက်ရှိပါသည်။ ဤကမ္ဘာမြေကြီးပေါ်၌ ဖြစ်ပျက်နေသောအရာများအားဖြင့် ဤကျမ်းညွှန်း၏ ပြည့်စုံလာခြင်းကို ကျွန်ုပ်တို့ မျက်မှောက်၌ တစ်နေ့ပြီးတစ်နေ့ ပိုမိုရှင်းလင်းကာ နားလည်လာကြမည်ဖြစ်ပါသည်။ ဥပမာ - တစ်စုံတစ်ယောက်သောသူသည် အိပ်ယာမှ နံနက်စောစောထပြီး အပြင်သို့ ထွက်လာသောအခါ ကင်မရာများ၊ မီးဆိုင်းများ၊ မီးစက်များ၊ ထိုင်ခုံများ စသည့်အရာတို့ကိုသာ မြင်တွေ့ရပြီး လူတစ်ယောက်မျှမရှိပါက ထိုသူသည် မည်သို့ စဉ်းစားမည်နည်း။ ဟုတ်ပါသည်။ မကြာခင် ရုပ်ရှင်ရိုက်ရန် အစီအစဉ်တစ်ခုရှိမည်ဖြစ်သည်ဟု သူယူဆမည်ဖြစ်ပါသည်။

ထိုပစ္စည်းကိရိယာများကို မြင်ခြင်းအားဖြင့် ထိုကဲ့သို့ မှန်ကန်သော အယူအဆနှင့် အဆုံးသတ်ခြင်းကို ဦးဆောင်စေပါသည်။ ထို့နည်းတူ ဒီကနေ့သတင်းအချက်အလက်များကို အချိန်တိုတိုနှင့် အလွန်ဝေးသော နေရာများမှ ရယူရန် နည်းပညာများသည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ မြင်တွေ့နေရခြင်းသည် ကမ္ဘာမြေကြီးသည် ထာဝရဘုရားကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည် ဟူသော အချိန်နာရီသည် အလွန်နီးကပ်နေပြီဖြစ်ကြောင်း သိနိုင်ပါသည်။ **(ယေ ၃၁း ၃၄)** တွင် ထိုဘုန်းအသရေနှင့် ဆိုင်သော အချိန်ကာလကို ရေးထားပါသည်။

**"ထိုသူတို့က ထာဝရဘုရားးကို သိလော့ဟု အမျိုးသားချင်း ညီအစ်ကိုအချင်းချင်း တစ်ယောက်ကိုတစ်ယောက် ဆုံးမဩဝါဒ မပေးရကြ၊ အကြောင်းမူကား အငယ်ဆုံးသော သူမှစ၍ အကြီးဆုံးသော သူတိုင်အောင် ထိုသူအ ပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။"**

ဟုတ်ပါသည်။ လူအပေါင်းတို့သည် သမ္မာတရားကို သိရှိကြပြီး သူတို့၏ အပြစ်များမှ စင်ကြယ်သန့်ရှင်းစေရန် အခွင့်အရေးများ ရရှိကြလိမ့်မည်ဖြစ်ပါသည်။

သို့သော် တစ်စုံတစ်ယောက်သောသူက သေလွန်သောသူများ ထမြောက်လာသောအခါ သူတို့နှင့်အသက်ရှင်သော သူများအတွက် ဘယ်မှာနေရာရှိပါမည်နည်းဟု မေးခဲ့သော် ၎င်းမှာ ကောင်းသော မေးခွန်းဖြစ်ပါသည်။

ဒေင်ဥယျာဉ်၌ ဘုရားသခင်၏ အမိန့်တော်ကို **(က ၁း ၂၈)** တွင် ကျွန်ုပ်တို့ကြည့်သောအခါ မြေကြီးကို လျှံဖို့မဟုတ်ဘဲ ပြည့်စေရန်ဖြစ်ကြောင်း ရှင်းလင်းစွာတွေ့ရပါသည်။

**"အချင်းတို့ များပြားစွာ မွေးဖွားကြလော့ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့"**

ရုပ်ရှင်ရုံ၌ လက်မှတ်ရောင်းသူသည် မည်သည့်အချိန်တွင် လက်မှတ်ရောင်းခြင်းကို ရပ်တံ့ရန်၊ ရုံပြည့်ပြီ ဟူသော ဆိုင်းဘုတ်ကို ထားရန် သူသိပါသည်။ ကြီးမြတ်တော်မူသော ဘုရားသခင်သည် ဤကမ္ဘာမြေကြီး၌ ပြည့်လျှံခြင်းမရှိစေရန် မွေးဖွားခြင်းကို မည်သည့်အချိန်၌ အဆုံးသတ်ရမည်ကို မသိနိုင်ဘူးလား။ ထို့အတူ ဓါတ်ဆီဆိုင်၌ ဓါတ်ဆီဖြည့်ပေးသောသူသည် လျှံအောင်ဖြည့်ပါသလား။ အားနည်းသော မပြည့်စုံသော လူသားများ၌ ဤအရာများဖြစ်နိုင်သည်ဆိုလျှင် ကြီးမြတ်သန့်ရှင်းတော်မူသော ဘုရားသခင်၌ အဘယ်မျှ လောက်ဖြစ်နိုင်ပါသနည်း။

သည့်အပြင် အာဒံ မိသားစု၏ လူဦးရေကို လေ့လာကြည့်မည်ဆိုလျှင် ယခုလက်ရှိ လူဦးရေသည် သန်းပေါင်း ခြောက်ထောင် (၆၀၀၀၀၀၀၀၀၀) ရှိပါသည်။ ၁၈၄၀ ခုနှစ်၌ ကမ္ဘာလူဦးရေသည် သန်းပေါင်းတစ်ထောင်သာရှိခဲ့ပါသည်။ ယခင်ကဆိုလျှင် ဤအရေအတွက်သို့ပင် မရောက်ရှိခဲ့ပါ။ ပိုမိုလျော့နည်းခဲ့ပါသည်။

အာဒံ မိသားစု အားလုံး၏ လူဦးရေမှာ ပျှမ်းမျှခြင်းအားဖြင့် သန်းပေါင်း နှစ်ဆယ့်ငါးသောင်း (သို့) သန်းပေါင်း သုံးဆယ်သောင်း လောက်ရှိမည်ဖြစ်ပြီး ဤအရေအတွက်ကို နှစ်ဆပြု၍ သေချာတွက်ချက်မည်ဆိုရင်ပင် လူအပေါင်းအတွက် အိန္ဒိယတစ်နိုင်ငံ၌ပင် များစွာနေရာများရှိပါသည်။

အိန္ဒိယနိုင်ငံ၏ ဧရိယာသည် ၂၄၀၀၀၀၀ စတုရန်းကီလိုမီတာရှိပြီး ၎င်းဧရိယာကို မီတာအားဖြင့်ဆိုသော ၂၄၀၀၀၀၀ x ၁၀၀၀၀ စတုရန်းမီတာ ကျယ်ဝန်းပါသည်။ ထို့ကြောင့် သန်းပေါင်းသောင်းခြောက်ဆယ် အတွက် တစ်ဦးလျှင် မည်မျှရမည်နည်း။

| | | |
|---|---|---|
| တစ်ဦးအတွက် | = | ၂၄၀၀၀၀၀ x ၁၀၀၀၀၀၀ / ၆၀၀၀၀၀၀၀၀၀ |
| | = | ၄၀ sq mts (သို့) ၈မီတာ x ၅မီတာ |
| | = | ၂၄ ပေ x ၁၅ ပေ ဖြစ်ပါသည်။ |
| (၁ စတုရန်းကီလိုမီတာ | = | ၁၀၀၀၀၀၀ စတုရန်းမီတာ) |
| (၁ စတုရန်းမီတာ | = | ၉ ပေ စတုရန်း (သို့) ၃ ပေ x ၃ ပေ) |

ဤလူအပေါင်းအားလုံးတို့ကို ထားရန် ကြီးမားသော ကမ္ဘာကြီးရှိပြီး ဘုရားသခင်သည် တောင်များလယ်ကွင်းများ၊ ရေအိုင်များ၊ သစ်တောများ နှင့် ကောင်းစွာ စီစဉ်ထားပြီးဖြစ်ပါသည်။ အမှန်တကယ် သေလွန်သောသူများ၏ ထမြောက်လာခြင်းသည် အမှန်တကယ်ဖြစ်လာမည်ဖြစ်ပြီး ဘုရားသခင်သည် ဒီအတွက် ကောင်းမွန်စွာ ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

ယခုဆက်လက်ပြီး အများစု နားလည်လွဲသော ကျမ်းပိုဒ်ကို ကျွန်ုပ်တို့ လေ့လာကြမည်ဖြစ်ပါသည်။

**"သားတော်၏ စကားသံကိုကြား၍ ထွက်ရမည်အချိန်ကာလရောက်လတံ့၊ ကောင်းသော အကျင့်ကိုကျင့်သော**

**သူတို့သည် အသက်ရှင်ရာ ထမြောက်ခြင်းသို့ လည်းကောင်း ဆိုးယုတ်သော အကျင့်ကိုကျင့်သော သူတို့သည် အပြစ်စီရင်ရာ ထမြောက်ခြင်းသို့လည်းကောင်း ထွက်ရကြလတံ့။" ယော ၅း ၂၉**

ဤနေရာ၌ ဆိုးယုတ်သော အကျင့်ကို ကျင့်သောလူသေတို့၏ ထမြောက်ခြင်းသည် အပြစ်စီရင်ခြင်းခံရဖို့ပဲလား။ သခင်ယေရှု၏ အသေခံခြင်းသည် ဆိုးယုတ်သော လောကသားများအတွက် မျှော်လင့်ချက်မရှိဘူးလား။ ဤအရာ မှန်ပါသလား။

**"လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည် မဟုတ်၊ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ် တင်ခြင်းသို့ ရောက်မည့်အကြောင်း စေလွှတ်တော်မူ၏။" ယော ၃း ၁၇**

သင်တွေ့မြင်ပါသလား။ တစ်လောကလုံးသည် သေခြင်းတရား၏ စီရင်ခြင်းအောက်မှာ ရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စီရင်ခြင်းခံနေရသည့် လောကကို စီရင်ဖို့ မဟုတ်ဘဲ ထိုစီရင်ခြင်းမှကယ်တင်ရန် စေလွှတ်ခဲ့ပါသည်။ ဤလောကအပေါ် တရားစီရင်ခြင်းသည် ဆင်းရဲဒုက္ခများ၊ ဝမ်းနည်းခြင်းများနှင့် အတူ သေခြင်းဖြစ်ပါသည်။ ဤအချက်ကို သိရှိပြီးနောက် **(ယော ၅း ၂၉)** ကို ပြန်လေ့လာမည်ဖြစ်သည်။

အပြစ်စီရင်ခြင်း စကားလုံး Damnation (KJV) နှင့် Condemed (NIV) သည် ဂရိစကားလုံး KRISIS = CRISIS (အင်္ဂလိပ်) ဖြစ်ပြီး အဓိပ္ပါယ်မှာ တရားစီရင်ခြင်း အချိန်ကာလတစ်ခု (သို့) အရေးပေါ် တရားစီရင်ချိန်ဖြစ်ပါသည်။ ဥပမာ - ဆေးရုံများ၌ အရေးပေါ်လူနာများကို (crisis) အရေးပေါ် ဌာနသို့ ဝင်ရန် ပြောပါသည်။ ထိုအခြေအနေသည် သေမည်လား (သို့) ရှင်မည်လား တစ်ခုခုဖြစ်ပါသည်။ ထို့အတူ ဆိုးယုတ်သောသူများ၏ ထမြောက်ခြင်းသည် အရေးပေါ်တရားစီရင်ခြင်းသို့ ထမြောက်ကြမည်ဖြစ်ပါသည်။

ဤအခြေအနေသည် လောကီသားတို့အတွက် တရားစီရင်ရာ နေ့ရှိမည်ဖြစ်ပါသည်။ ထိုတရားစီရင်ရာနေ့ကို **(တ ၁၇း ၃၁)** တွင် ကျွန်ုပ်တို့တွေ့ရပါသည်။

**"အကြောင်းမူကား ခန့်ထားတော်မူသော သူအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်း တရားနှင့်ညီ လျော်စွာ စစ်ကြောစီရင်မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီ။"**

ဟုတ်ပါသည်။ တရားစီရင်ရာနေ့ရှိပြီး ခန့်ထားတော်မူသော တရားသူကြီးမှာ ယေရှုခရစ်တော်ဖြစ်ပါသည်။ သူသည် လူအပေါင်း ကယ်တင်ခြင်းသို့ ရောက်ရန် မိမိအလိုဆန္ဒအလျောက် အသက်ကို စွန့်တော်မူသော သူဖြစ်ပါသည်။ ဤတရားစီရင်ရာနေ့သည် (၂၄) နာရီ အချိန်ကာလကို ရည်ညွှန်းပါသလား။ မဟုတ်ပါ။ **(၂ပေ ၃း ၈)** တွင် တွေ့ရပါသည်။

**"ချစ်သူတို့ ထာဝရဘုရားမှာ ကာလတစ်ရက်သည် အနှစ်တထောင်ကဲ့သို့လည်းကောင်း အနှစ်တထောင် သည် တစ်ရက်ကဲ့သို့လည်းကောင်း ဖြစ်သည့်အရာတစ်ခုကို မမေ့လျော့ကြနှင့်။"**

သခင်ယေရှု၏ နေ့ရက် တစ်ရက်သည် (၂၄) နာရီအချိန်ကာလမဟုတ်ဘဲ နှစ်တစ်ထောင်ဖြစ်ပါသည်။ ထို့ကြောင့် တရားစီရင်ရာနေ့ (နှစ် ၁၀၀၀) ဖြစ်ပါသည်။ လာမည့် သင်တန်းကာလတွင် ဤသင်ခန်းစာကိုအသေး စိတ်လေ့လာသွားမည်ဖြစ်ပါသည်။

ဤတရားစီရင်ရာနေ့ ၌ မည်ကဲ့သို့ ဖြစ်လာမည်လဲဟု တစ်စုံတစ်ယောက်သောသူသည် မေးခဲ့ပါလျှင်အ ဖြေကို (ဒံ ၁၂း ၂) တွင် တွေ့နိုင်ပါသည်။

**"ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော်နေသော သူများတို့သည် နိုးကြလိမ့်မည်၊ အချို့ကား ထာဝရအသက်ရှင်ခြင်း နှင့်လည်းကောင်း အချို့ကား ရှက်ကြောက်ခြင်း ထာဝရအသရေပျက်ခြင်းနှင့်လည်းကောင်း နိုးကြလိမ့်မည်။"**

ဤနေရာ၌ ထာဝရ ဆိုသည့် စကားလုံးသည် သင့်လျော်သော ဘာသာပြန်ခြင်းမဟုတ်ပါ။ ဟေဗြဲစကား လုံးမှာ **"Olam"** ဖြစ်ပြီး အဓိပ္ပါယ်မှာ age lasting အချိန်ကာလတစ်ခုကို ရည်ညွှန်းပြီ ထာဝရမဟုတ်ပါ။ အသရေ ပျက်ခြင်း သည် သူတစ်ပါးကို ထိပါးစေသော လုပ်ရပ်များ၊ အကျင့်ပျက်ခြင်းများနှင့် လိမ်ညာလှည့်ဖြားခြင်းများ ကို သူတို့ကို ပြန်လည်သိစေမှာကို ရည်ညွှန်းပါသည်။

ဤအရာကို (လု ၁၂း ၂ - ၃၊ ဒေ ၁၂း ၁၄) တွင် ရှင်းလင်းစွာ တွေ့ရပါသည်။

**"ဖုံးထားလျက်ရှိသမျှတို့သည် ပွင့်လိမ့်မည်၊ ဆိတ်ကွယ်ရာ ရှိသမျှတို့သည် ထင်ရှားလိမ့်မည် မှောင် မိုက်၌ သင်တို့ ပြောသမျှသော အရာများကို သူတစ်ပါးတို့သည် အလင်း၌ နားကြားကြ လိမ့်မည် သင်တို့သည် အခန်းထဲမှာ နား အပါး၌ ပြောသောအရာများကို အိမ်မိုးပေါ်မှာ ဟစ်ကြော်ကြလိမ့်မည်။"**

**"ဘုရားသခင်သည် ခပ်သိမ်းသော ဝှက်ထားခြင်းမှစ၍ အလုံးစုံသောအမှု ကောင်းမကောင်းရှိ သမျှတို့ကို စစ်ကြော ၍ တရားသဖြင့် စီရင်တော်မူလတံ့တည်း"**

တစ်ဦးချင်းစီ၊ မိသားစုများနှင့် နိုင်ငံများကြားထဲမှ လျှို့ဝှက်သော အကျင့်ပျက်မှုများကို စဉ်းစားကြည့်ပါ။ မည်ကဲ့သို့သော နေ့မျိုးဖြစ်လာလိမ့်မည်နည်း။

ယခုဆက်လက်ပြီး သခင်ယေရှုခရစ်၏ တူညီသော ရွေးနုတ်ခြင်းအဖိုးအခနှင့် သက်ဆိုင်သော နောက် ထပ် ရုပ်ပုံကားချပ်တစ်ခုကို လေ့လာကြမည်ဖြစ်ပါသည်။

**"အချိန်ကာလစေ့သောအခါ ငါတို့သည် သား၏အခွင့်အရာကို ခံရမည်အကြောင်း ပညတ်တရားလက်၌ ရှိသော ငါတို့ကို ရွေးနုတ်စေခြင်းငှါ၊ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်မှာ ဖွားမြင်ရသော သားတော်ကို ဘုရားသခင်စေလွှတ်တော်မူ၏။" ဂလာတိ ၄း၄**

သခင်ယေရှုသည် ဂျူးတစ်ယောက်အဖြစ် ပညတ်တရားအောက်တွင် မွေးဖွားခဲ့ပါသည်။ သခင်ယေရှု တစ်ဦးတည်းသာလျှင် ပညတ်တရားကို ပြည့်စုံစွာ စောင့်ရှောက်ခဲ့ပြီး ဆုလာဒ်ကို ရရှိခဲ့ပါသည်။

**"ထို့ကြောင့် ငါစီရင်ထုံးဖွဲ့ချက်တို့ကို စောင့်ရှောက်ရကြမည် ထိုအကျင့်ကိုကျင့်သော သူသည် ထိုအကျင့်အားဖြင့် အသက်ရှင်လိမ့်မည်။" ဝတ် ၁၈း ၅**

**"ပညတ်တရားမူကား ယုံကြည်ခြင်းနှင့် မစပ်ဆိုင် ထိုအကျင့်ကို ကျင့်သော သူသည် ထိုအကျင့်အားဖြင့် အသက် ရှင်လိမ့်မည်။"**

ဟုတ်ပါသည်။ သခင်ယေရှုသည် လူသားအနေဖြင့် ထာဝရအသက်ရှင်ရသော အခွင့်အရေး ဆုလဒ်ကို ရရှိခဲ့ပါသည်။ ထို့နောက် ဤအသက်ကို မည်သို့ပေးဆပ်ခဲ့ပါသနည်း။ **(ယော ၆း၅၁)** တွင် အဖြေကိုတွေ့ရပါသည်။

**"ငါသည် ကောင်းကင်မှ ဆင်းသက်သော အသက်မုန့်ဖြစ်၏ ဤမုန့်ကို စားသောသူမည်သည်ကား အစဉ်မပြတ်အ သက်ရှင်လိမ့်မည်။ ငါပေးသော မုန့်ကား လောကီသားတို့၏ အသက်ဘို့အလိုငှါ စွန့်သော ငါ၏အသားပေတည်း။"**

သခင်ယေရှုသည် လောကီသားတို့၏ အသက်အတွက် သူရရှိခဲ့သော ထာဝရအသက်ရှင်ရသော အခွင့်အရေးကို စွန့်လွှတ်ခဲ့ပါသည်။ ထို့ကြောင့် **(၁တိ ၂း ၅ - ၆)** တွင် တူညီသော ရွေးနှုတ်ခြင်းအဖိုးအခအဖြစ်အသက်ကို စွန့်ခဲ့ကြောင်း ဖော်ပြထားပါသည်ကို ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရခြင်းဖြစ်ပါသည်။

**လူဖြစ်သော ယေရှုခရစ်သည် လူအပေါင်းတို့ကို ရွေးအံ့သောငှါ ကိုယ်ကိုကိုယ်စွန့်တော်မူပြီ။**

သခင်ယေရှုသည် သူ၏အသက်ရှင်ရသည့်အခွင့်အရေးကို နံဝိညာဉ်အနေဖြင့် ဘယ်တော့မှ မစွန့်ပစ်ခဲ့ပါ။ သို့သော် လူသားအနေဖြင့် လူဖြစ်သော ယေရှုခရစ်တော်အနေဖြင့်သာ စွန့်လွှတ်ခဲ့ခြင်းဖြစ်ပါသည်။

ဥပမာ - လန်ဒန် နှင့် နယူးယောက်တွင် အိမ်တစ်လုံးစီပိုင်သည်ဆိုကြပါစို့၊ တစ်ချိန်မှာ အိမ်တစ်လုံးအား ပေးလိုက်သည် (သို့) ရောင်းလိုက်မည်ဆိုလျှင် ပြန်လည်ရရှိနိုင်ဖို့ မဖြစ်နိုင်တော့ပါ။ ထို့အတူ သခင်ယေရှု၌လည်း ဖြစ်ခဲ့ပါသည်။ သခင်ယေရှုသည် ကောင်းကင်ဘုံနှင့်ဆိုင်သော အသက်ရှင်ခွင့်နှင့် မြေကြီးနှင့်ဆိုင်သော အသက်ရှင်ခွင့်ရှိခဲ့ပါသည်။ သို့သော်သူသည် မြေကြီးနှင့်ဆိုင်သော အသက်ရှင်ခွင့်ကို စွန့်ခဲ့ပါသည်။ ထို့ကြောင့် ဘယ်တော့မှ ပြန်မရရှိနိုင်တော့ပါ။ ယခုတွင် သခင်ယေရှုသည် လူသားအဖြစ်မရှိတော့ဘဲ နံဝိညာဉ်အနေဖြင့် ကောင်းကင်အသက်တာဖြင့် အသက်ရှင်လျက်ရှိကြောင်းကို **(၁ပေ ၃း၁၈)** ၌ ရှင်းလင်းစွာ တွေ့ရပါသည်။

**"ခရစ်တော်သည် ကိုယ်ခန္ဓာအားဖြင့် အသေသတ်ခြင်းကို ခံ၍ ဝိညာဉ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ ရောက် တော်မူသည်ဖြစ်၍"**

ထို့ကြောင့် သခင်ယေရှုသည် ပြည့်စုံသော လူ့အသက်တာဖြင့် အသက်ရှင်ရသော အခွင့်အရေးကို တူညီသော အဖိုးအခအဖြစ် အာဒံအတွက် စွန့်ခဲ့ပြီး ယခုဆိုလျှင် နံဝိညာဉ်အသက်တာဖြင့် အသက်ရှင်လျက်ရှိပါသည်။ ဤအကြောင်းကြောင့် လောကသည် သူ့ကို မြင်ရလိမ့်မည်မဟုတ်ဟု အတည်ပြု ပြောဆိုခဲ့ခြင်းဖြစ်ပါ

သည်။ အဘယ်ကြောင့် ဆိုသော် သူသည် လူ့ဇာတိ၌ မရှိတော့ပါ။

**"ခဏကြာပြီးမှ လောကီသားတို့သည် ငါ့ကို မမြင်ရကြ သင်တို့မူကား မြင်ရကြလိမ့်မည်။" ယော ၁၄း၉**

နောက်ဆုံးအနေဖြင့် သခင်ယေရှု၏ တူညီသော ရွေးနှုတ်ခြင်း အဖိုးအခနှင့်ပတ်သက်၍ အယူအဆတစ်ခုကို လေ့လာကြမည်ဖြစ်ပါသည်။

**"သူသည် အပြစ်ဖြေသော ယဇ်ကိုပူဇော်ပြီးမှ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။" ဟေရှာ ၅၃း၁၀**

မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။ ၎င်းသည် သခင်ယေရှု၏ သားသမီးများကို ရည်ညွှန်းတာဖြစ်ပါသည်။ သခင်ယေရှုသည် လက်ထပ်ထိမ်းမြားနိုင်ပါသည်။ ၎င်းသည် အမှားမဟုတ်ပါ။ အပြစ်လည်းမဟုတ်ပါ။

**"ခပ်သိမ်းသော သူတို့၌ မင်္ဂလာဆောင်ခြင်းအမှု နှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့။ " ဟေဗြဲ ၁၃း၄**

မကြာသေးမီက သခင်ယေရှုသည် မာဂဒလမာရိ နှင့် ထိမ်းမြားလက်ထပ်သည်ဆိုသော စိတ်ကူးယဉ်ဝတ္ထုတအုပ်ကို ရေးသားပြီး ကမ္ဘာအနှံ့ ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဤစာအုပ်ကို The Da Vinci Code ဟူ၍ခေါ်ပါသည်။ မှန်ပါရဲ့လား။ သခင်ယေရှုသည် လက်ထပ်နိုင်ပါသည်။ ၎င်းသည် အမှားမဟုတ်ပါ။ သို့သော် အလွန်အရေးကြီးသည့်အရာကို စဉ်းစားရန် ရှိပါသည်။

အကယ်၍ သခင်ယေရှုသည် ထိမ်းမြားခဲ့သော် သူသည်ပြည့်စုံသော လူသားမျိုးနွယ်ကို စတင်ခဲ့မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော အသက်နှင့်ဆိုင်သော မျိုးစေ့သည် ဖခင်ထံမှသာလာပါသည်။ မိခင်ထံမှ မဟုတ်ပါ။ သို့သော် သခင်ယေရှုသည် အဲဒီနည်းလမ်းကို မရွေးချယ်ခဲ့ပါ။ အာဒံအမျိုးအနွယ်ကို သူ့အမျိုးအနွယ်ဖြစ်စေရန်သာ လုပ်ဆောင်ခဲ့ပါသည်။

ရှင်ပြန်ထမြောက်ရာ အချိန်ကာလ၌ သခင်ယေရှုသည် **(ဟေရှာ ၉း၆)** တွင် ဖော်ပြထားသည့်အတိုင်း အာဒံမျိုးနွယ်အားလုံး၏ ထာဝရအဖ အဖြစ်ရှိမည်ဖြစ်ပါသည်။ မည်မျှလောက် အံ့သြဘွယ်ရာ ကယ်တင်ရှင်လဲ။ မကြာမီ ကမ္ဘာမြေကြီးပေါ်၌လည်း သူ၌ ဘုန်းအရေသည် ပြည့်စုံလာမည်ကို **(ဖိ ၂း ၁၀ - ၁၁)** တွင် မြင်တွေ့နိုင်ပါမည်။

**"အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ မြေကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်း ဟူသော ခပ် သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမတော်ကို ဒူးထောက် ၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူသည်ဟု နှုတ်ဖြင့် ဝန်ခံကြသဖြင့် ခမည်းတော်၏ ဘုန်းအသေရေတော်ကို ထင်ရှားစေကြမည့်အကြောင်းတည်း"**

ဟုတ်ပါသည်။ အချိန်တန်သောအခါ အားလုံးသော သတ္တဝါတို့သည် သခင်ယေရှုကို ချီးမွမ်းကြပါမည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ကြီးမားသော မေတ္တာတော်အားဖြင့် အသက်စွန့်တော်မူခဲ့သောကြောင့် ဖြစ်ပါသည်။ အာမင်။

✧ ✧ ✧ ✧ ✧